BELIEVE in the CHANGE

BATTLE CREEK PUBLIC SCHOOLS

# ကျောင်းပြန်တက်ရန် ကြိုဆိုပါ၏။


လေးစားရပါသော **BCPS community** အရပ်သူ/သားများရှင့်

ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျောင်းစဖွင့်ပါပြီ။ ကျောင်းသားများနှင့် ဝန်ထမ်းများအား ၂၀၂၀-၂၁ စာသင်နှစ်ကျောင်းပြန်တက်ရန်အတွက် ကျွန်ုပ်တို့မှ လှိုက်လှဲစွာကြိုဆိုပါ၏။ ဤစာသင်နှစ်သည် တစ်မူခြားနားမည်ဖြစ်သော်လည်း BCPS ကျောင်းသားများအားလုံးဆက်လက်သင်ယူနိုင်ရန်နှင့် ပါဝင်ချိတ်ဆက်မှုရှိစေရန် ကျွန်ုပ်တို့ communityနှင့်ဝန်ထမ်းများ၏ အစီအစဉ်ရေးဆွဲမှုနှင့် အရေးပေးအာရုံစူးစိုက်မှုတို့တွင် ကျွန်ုပ်တို့ယုံကြည်စိတ်ချမှုရှိပါသည်။

ကျွန်ုပ်တို့သည်ဘေးကင်းလုံခြုံပြီး ကျန်းမာရေးနှင့်ညီညွတ်စွာပြန်လည်သင်ကြားနိုင်ရေးအစီအစဉ်တစ်ခုအတွက် လွန်ခဲ့သောလများအတွင်းတွင် ကြိုးပမ်းခဲ့ကြပါသည်။ ဤစာတမ်းတွင် အကျဉ်းချုပ်ဖော်ပြထားသောအစီအစဉ်သည် မိသားစုများ၊ ကျောင်းသားများ၊ စေတနာ့ဝန်ထမ်းအသင်းဝင်များနှင့် BCPS ခေါင်းဆောင်များနှင့် မီချီကန်ပြည်နယ်အုပ်ချုပ်ရေးမှူး Gov. Witmer's ၏ Safe Schools Roadmap သတင်းပို့ချက်နှင့် ကျွန်ုပ်တို့ပြည်နယ်နှင့်နယ်ခံ ကျန်းမာရေးဌာနများ၏ လမ်းညွှန်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်ကာ ဖန်တီးထားခြင်းဖြစ်သည်။

သင်တို့၏ Bearcat  ကျောင်းဂုဏ်ဆောင်မှုနှင့် ကျွန်ုပ်တို့၏ community အတွက်အရေးပါသောအခန်းကဏ္ဍတစ်ခုမှ ပါဝင်သောကြောင့်ကျေးဇူးတင်ပါသည်။ ယခုအခါမျိုးတွင် မိဘဖြစ်နေရခြင်းသည်ယခင်ကထက် လွန်စွာခက်ခဲကြောင်း ကျွန်ုပ်တို့နားလည်ပြီး ကျောင်းသားများ၏သင်ယူမှုနှင့် အောင်မြင်မှုအတွက်ကူညီပေးသည့် ကျွန်ုပ်တို့မိသားစုများမှလုပ်ဆောင်ချက်များကို အသိအမှတ်ပြုအလွန်ကျေးဇူးတင်မိပါသည်။ အတူတကွလုပ်ဆောင်ခြင်းဖြင့် BCPS community သည် မည်သည့်အရာကိုမဆိုတက်စွမ်းနိုင်ကြောင်း ကျွန်ုပ်တို့သိပါသည်။

ရိုသေစွာဖြင့်



ကျောင်းကြီးကြပ်ရေးမှူး **Kimberly Carter**

# ပြည်နယ်လမ်းညွှန်ချက်နှင့် သတ်မှတ်ပြဋ္ဌာန်းချက်များ

The MI Safe Start Plan (မီချီကန်ဘေးကင်းစွာအစပြုနိုင်ရေးအစီအစဉ်)သည် ပြည်နယ်အားမည်သို့ပြန်လည်စတင်ဖွင့်လှစ်ရန်နှင့် COVID-19 ကြောင့်ထိခိုက်မှုများကိုသက်သာလျော့ပါးစေရေးတို့အားရည်ရွယ်၍ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်ထားသောလိုရင်းအကျဉ်းချုပ်ဖြစ်ပါသည်။

| **အဆင့်နံပတ်** | ၁<br>မထိန်းချုပ်နိုင်သည့် ကူးစက်မှု | ၂<br>ဆက်လက် ကူးစက်မှု | ၃<br>ကူးစက်မှု တန့်နေခြင်း | ၄<br>ပြန်ကောင်း လာခြင်း | ၅<br>ကူးစက်မှုကို ထိန်းနိုင်ခြင်း | ၆<br>ကပ်ရောဂါကာလ နောက်ပိုင်း |
|---|---|---|---|---|---|---|
| **ရောဂါ အနေအထား ဘာတွေဖြစ် နေသလဲ?** | ကျန်းမာရေးစနစ်ကိုကမောက်ကမဖြစ်စေနိုင်သည့် နေ့စဉ်ကူးစက်နှုန်း မြင့်တက်လာနေခြင်း။ | ကျန်းမာရေးစနစ် လက်ခံနိုင်သည့် ပမာဏထိ စိုးရိမ်ဖွယ် စံချိန်နှုန်း အဆင့်သို့ တိုးမြင့်ထက်လာနေခြင်း | ကူးစက်မှုနှုန်း တဖြည်းဖြည်း ကျဆင်းလာခြင်း | ရောဂါကူးစက်သူများ၊ ဆေးရုံတက်နေသူများနှင့် သေဆုံးသူများ သိသိသာသာ ကျဆင်းလာခြင်း၊ | ရောဂါကူးစက်နှုန်းနှင့် သေဆုံးနှုန်းပိုသက်သာလာပြီး ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းနိုင်ခြင်း။ | ရပ်ရွာလူထုတွင် ရောဂါဆက်လက်ကူးစက်ခြင်း မဖြစ်တော့ရန်မျှော်မှန်းနိုင်ခြင်း။ |

# BCPS တစ်ဆင့်ပြီးတစ်ဆင့်

## ပြန်လည်ဖွင့်လှစ်ခြင်းလမ်းစအကြောင်း တစ်စေ့တစ်စောင်း

ဘေးကင်းမှုလုပ်ထုံးလုပ်နည်းများတွင် အဆင့်(၆)အား မသတ်မှတ်ထားတော့ပါ။

| | အဆင့် (၁) မှ (၃) | အဆင့် (၄) | အဆင့် (၅) |
|---|---|---|---|
| **ခြုံငုံသုံးသပ်ချက်** | အတန်းထဲသင်ကြားမှုအတွက်ကျောင်းများဖွင့်မည်မဟုတ်၊ ကျောင်းများအားလုံးမှ ရုပ်ဝေးသင်ကြားမှုကို ကမ်းလှမ်းထားမည်။ | သူငယ်တန်းမှ (၅)တန်း၊ အတန်းထဲသင်ကြားမှုကိုအချိန်ပြည့် (တစ်ပတ်(၅)ရက်) ပုံမှန်အတိုင်း ကျောင်းပြန်တက်ရမည်။ (၆)တန်းမှ (၁၂)တန်း၊ အနည်းဆုံးပထမရက်သတ္တပတ်(၉)ပတ်ကို ရုပ်ဝေးသင်ကြားမှုဖြင့်သင်ကြားပြီး၊ ကျောင်းသားတစ်ဦးစီ၏ အတန်းဇယားအပေါ်မူတည်၍တာဝန်ကျဆရာ/မများ၏ တိုက်ရိုက်ထုတ်လွှင့်သည့်ရုပ်ဝေးသင်ခန်းစာများတွင် (live remote lessons) တစ်ပတ်တွင် (၅)ရက် ပါဝင်ရမည်။ | ကျောင်းများအားလုံးမှ(သူငယ်တန်းမှ (၁၂)တန်း) ကျောင်းသားအားလုံး အတန်းထဲသင်ကြားမှု ကိုအချိန်ပြည့် (တစ်ပတ်(၅)ရက်) ပုံမှန်အတိုင်း ကျောင်းပြန်တက်ရမည်။ |
| **အထူးအကူညီလိုအပ်သော ကျောင်းသားများ** | အတန်းထဲသင်ကြားမှုအတွက်ကျောင်းများဖွင့်မည်မဟုတ်၊ ကျောင်းများအားလုံးမှ ရုပ်ဝေးသင်ကြားမှုကို ကမ်းလှမ်းထားမည်။ | ကျောင်းမှဆုံးဖြတ်သောအထူးတလည်အကူညီလိုအပ်သောကျောင်းသားများသည် ရက်ချိန်းဖြင့်အတန်းထဲတွင်သင်ကြားမှု (သို့) အချိန်ပြည့်အတန်းထဲတွင်သင်ကြားမှုဖြင့်(မည်သည့်အတန်းမဆို) ပါဝင်နိုင်ပါသည်။ | အထူးအကူညီလိုအပ်သောကျောင်းသားများအပါအဝင် ကျောင်းသားများအားလုံးအတန်းထဲသင်ကြားမှုကို ပြန်စရမည်။ |
| **အွန်းလိုင်း ရွေးပိုင်ခွင့်** | အဆင့်အားလုံး။ အနည်းဆုံးပထမပိုင်းပညာသင်နှစ်၏နှစ်ဝက်စာသင်ကာလကို ရုပ်ဝေးသင်ကြားမှုဖြင့် တက်ရောက်လိုသော သူငယ်တန်းမှ (၁၂)တန်း ကျောင်းသားရှိသည့်မိသားစုများအားလုံး အတွက် Virtual Academy (အွန်းလိုင်းပညာရေး) ရွေးပိုင်ခွင့်ရှိပါသည်။ | | |
| **မျက်နှာအုပ်ခြင်းများ** | ကျောင်းများတွင် အတန်းထဲသင်ကြားမှု ပိတ်ထားပါသည်။ | အစားစားချိန်မှလွဲ၍ ကျောင်းသားများနှင့် ဝန်ထမ်းများအားလုံးသည် အချိန်ပြည့်မျက်နှာအုပ်ထားရမည်။ | အစားစားချိန်မှလွဲ၍ ကျောင်းသားများနှင့် ဝန်ထမ်းများအားလုံးသည် အချိန်ပြည့်မျက်နှာအုပ်ထားရမည်။ |

| | | | |
|---|---|---|---|
| **စုဝေးခြင်းများ** | ကျောင်းများတွင် အတန်းထဲသင်ကြားမှု ပိတ်ထားပါသည်။ | လေ့လာရေးခရီးများနှင့်အစုအဝေး လုပ်ခြင်းများကိုပိတ်ပင်ထားသည်။ မိသားစုဝင်များနှင့်ဧည့်သည်များမှ ကျောင်းအဆောက်အဦးများသို့ ဝင်ထွက်ခွင့်ပိတ်ထားသည်။ | ဘေးကင်းရန်လုပ်ထုံးများအပြင်အခြား ဖြည့်စွက်ချက်ဖြစ်သည့် social distancing (လူများနှင့်ခပ်ခွာခွာနေခြင်း) နှင့်အုပ်စုအရွယ်စားကန့်သတ်ခြင်းဖြင့် အစုအဝေးလုပ်ခြင်းများနှင့် အဆောက်အဦးလည်ပတ်ခြင်းကိုခွင့်ပြုထားသည်။ |
| **အကြိုပို့အစီအစဉ်** | ကျောင်းများပိတ်ထားပြီး အကြိုပို့အစီအစဉ်မရှိပါ။ | မျက်နှာအုပ်နှင့် hand sanitizer (လက်သန့်ဆေးရည်) အသုံးပြုရန်သတ်မှတ်ပြီး သူငယ်တန်းမှ (၅)တန်းကျောင်းသားများအတွက် အကြို့ပို့အစီအစဉ်ရှိသည်။ | မျက်နှာအုပ်နှင့် hand sanitizer (လက်သန့်ဆေးရည်) အသုံးပြုခြင်းကိုအထူးတိုက်တွန်းထားပြီး သူငယ်တန်းမှ (၅)တန်းကျောင်းသားများအတွက် အကြို့ပို့အစီအစဉ်ရှိပါသည်။ |
| **အစာအဟာရနှင့် အစားအစာ ဝန်ဆောင်မှု**<br>**Grab-and-Go*<br>အစားအစာဖြန့်ဝေခြင်းသည် ပြည်နယ်နှင့် ပြည်ထောင်စု၏ ခွင့်ပြုချက်နှင့်သတ်ဆိုင်သည်။ | အစားအစာများကို ရပ်ရွာတစ်လျှောက် ထုတ်ယူမည့်နေရာတွင် ထုတ်ယူနိုင်ရန် စီစဉ်ပေးထားသည်။ | အတန်းထဲကျောင်းလာတက်သော သူငယ်တန်းမှ (၅)တန်းကျောင်းသားများကိုကျောင်းအဆောက်အဦးထဲတွင် ကျောင်းအစားအစာများစီစဉ်ပေးမည်။ Grab-and-go (ယူ ပြီး ပြန်) အစားအစာများကိုထုတ်ယူသည့်နေရာများအား ရပ်ရွာတစ်လျှောက်ဆက်လက်ဖွင့်လှစ်ထားမည်။ | တင်းကျပ်စွာချမှတ်ထားသည့်ဘေးကင်းရန်လုပ်ထုံးများ အတိုင်းကျောင်းအစားအစာများကိုကျောင်းအဆောက်အဦးအတွင်းတွင် စီးစဉ်ပေးသွားပါမည်။<br>ရပ်ရွာတွင်ပေးဝေသည့်အစားအစာ ထုတ်ယူနိုင်မှု ပြီးဆုံးပါမည်။ |

မှတ်ချက်။ **Battle Creek Public Schools** သည်ပြန်လည်ဖွင့်လှစ်ခြင်းအစီအစဉ်အဆင့်တစ်ဆင့်စီတိုင်းတွင် အတိမ်းအစောင်းမခံနိုင်သည့်ကျန်းမာရေးအခြေအနေမှတ်တိုင်များနှင့် ပြင်ဆင်ဖြည့်စွက်ရန်လို၊မလို ကိုစောင့်ကြည့်ရန် ပြည်သူ့ကျန်းမာရေးအာဏာပိုင်များနှင့်ဆက်လက်တိုင်ပင်ဆွေးနွေးသွားပါမည်။

# ကျန်းမာရေးနှင့် ဘေးကင်းစေရေး သတင်းအချက်အလက်များ

ကျောင်းသားများတစ်ကိုယ်ရည်သန့်ရှင်းမှုအကျင့်များနှင့် ရောဂါလက္ခဏာဖြစ်ပေါ်သည့်ကျောင်းသားများကျောင်းမတက်ခြင်းအား သေချာစိစစ်ရန်မိသားစုဝင်များ၏အကူအညီအထူးပင်လိုအပ်ပါလိမ့်မည်။ ကျေးဇူးပြု၍ အောက်ပါသတင်းအချက်အလက်များကိုသင့်ကလေးနှင့် ပြန်လည်ဆန်းစစ်ပြီး၊ ကျောင်းမတက်မီ (သို့) သင်ရိုးပြင်ပဖြစ်သောလှုပ်ရှားမှုများတွင်မပါဝင်မီ အိမ်တွင်းနေ့စဉ်စစ်ဆေးမှုများကိုပြုလုပ်ပါ။

## သင့်အခန်းကဏ္ဍ

**လက်ဆေးခြင်း**

ကျောင်းသားများနှင့် ဝန်ထမ်းများအားလုံးသည် လက်ကိုမကြာခဏဆေးကြောသင့်ပြီး လက်ဆေးရန်ဆပ်ပြာနှင့်ရေ မရှိလျှင် စီစဉ်ပေးထားသော အရက်ပြန်လက်သန့်ဆေးရည်ကိုအသုံးပြုသင့်ပါသည်။ ကျေးဇူးပြုပြီးသင့်ကျောင်းသားများနှင့် ကျောင်းပထမဆုံးနေ့မတိုင်မီတွင် မှန်ကန်စွာလက်ဆေးနည်းကို ပြန်လည်ဆန်းစစ်ပါ။ အောက်ဖော်ပြပါနေရာနှင့်အချိန်များတွင်လည်း ကျောင်းသားများ လက်ဆေးခြင်း (သို့) လက်သန့်ဆေးရည်အသုံးပြုခြင်း လုပ်ထုံးများကိုလည်း အထူးညွှန်ကြားထားပါမည်။

- ကျောင်းအဆောက်အဦးသို့ ရောက်ရောက်ချင်းအချိန်တွင်
- အိမ်သာ အသုံးပြုသည့်အချိန်တွင်
- မည်သည့်အစားအစာကိုမဆို မစားမီတွင်
- မြင်သာစွာ ညစ်ပေနေချိန်တွင်
- ကျောင်းအဆောက်အဦး၏မည်သည့်နေရာကိုမှ မထွက်ခွာမီတွင်
- တစ်ရှူးအသုံးပြုပြီး (သို့) လက်ထဲချောင်းဆိုးပြီးချိန်တွင်

**ဖျားနာလျှင်အိမ်တွင်နေပါ။**

ဝန်ထမ်းနှင့်ကျောင်းသားများသည် အလုပ်/ကျောင်းသို့မလာမီ ကိုယ်ပူချိန်စစ်ဆေးခြင်းအပါအဝင် မိမိကိုယ်ကိုစစ်ဆေးမှုများလုပ်ရလိမ့်မည်။ အောက်တွင်ဖော်ပြသော မည်သည့်ရောဂါလက္ခဏာ များထဲမှ တစ်မျိုးမျိုးကိုခံစားသည့်မည်သူမဆို ကျောင်း (သို့)ကျောင်းလုပ်ငန်းများတွင်တက် ရောက်ခြင်း မပြုရပါ။
အောက်ဖော်ပြပါရောဂါလက္ခဏာများမှ တစ်မျိုးမျိုးဖြစ်လျှင် သင့်ကျောင်းသားသည် အိမ်တွင်နေသင့်သည်။

- ကိုယ်ပူချိန် ၁၀၀ ဒီဂရီ (သို့) ပိုမြင့်ခြင်း
- ချမ်းတုန်ခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူကျပ်ခြင်း
- လွန်ကဲစွာ ပင်ပန်းနွမ်းလျနေခြင်း
- ကြွက်သား (သို့) ခန္ဓာကိုယ်ကိုက်ခဲခြင်း

BELIEVE in the CHANGE
BATTLE CREEK PUBLIC SCHOOLS

- အခြားရောဂါလက္ခဏာများနှင့်တကွ ခေါင်းကိုက်ခြင်း
- အရသာ(သို့)အနံ့ အာရုံများပျက်ခြင်း
- လည်ချောင်းနာခြင်း
- ပြည့်ကျပ်ခြင်း (သို့) နှာရည်ယိုခြင်း
- ပျို့အန်ချင်စိတ်ဖြစ်ခြင်း (သို့) အော့အန်ခြင်း
- ဝမ်းလျှောခြင်း

# BCPS မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ

| | |
|---|---|
| **သန့်ရှင်းရေး** | ကျွန်ုပ်တို့သည် COVID-19 ကူးစက်မှုကိုလျော့ချသည့်အနေဖြင့် ခရိုင်ရောဂါပိုးမွှားသတ်သည့်အဖွဲ့မှ ပုံမှန်သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်းတို့အား နေ့စဉ်တစ်လျှောက်ပြုလုပ်ခြင်း စသည်တို့ပါဝင်သည့် သန့်ရှင်းရေးလုပ်ထုံးများကို ကျောင်းအဆောက်အဦးများအားလုံးတွင် တင်းကျပ်စွာချမှတ်ထားပါသည်။<br>• မကြာခဏထိတွေ့သည့်မျက်နှာပြင်များဖြစ်သည့် မီးခလုတ်များ၊ တံခါးများ၊ ထိုင်ခုံတန်းများနှင့် အိမ်သာများ စသည်တို့အား လေးနာရီခြားတစ်ကြိမ်သန့်ရှင်းရေးလုပ်ပြီးပိုးသတ်ထားပါမည်။<br>• စာကြည့်တိုက်များ၊ ကွန်ပြူတာအခန်းများ၊ ပန်းချီအနုပညာနှင့် အခြားလက်တွေ့စာသင်ခန်းများကို အတန်းချိန်ပြီးသည့်အချိန်တိုင်းတွင် သန့်ရှင်းရေးပြုလုပ်သွားပါမည်။<br>• (၆)တန်းမှ (၁၂)တန်း စာသင်ခန်း၏ကျောင်းသားစားပွဲများ အတန်းချိန်ပြီးသည့်အချိန်တိုင်းတွင်သုတ်ထားမည်။<br>• ဤအတန်းများ အတန်းထဲသင်ကြားမှု ပြန်လည်စတင်သည့်အခါတွင် (၆)တန်းမှ (၁၂)တန်း ကျောင်းသား၏ စားပွဲများ အတန်းချိန်ပြီးသည့်အချိန်တိုင်းတွင်သုတ်ထားမည်။ |
| **အထောက်ပံ့များနှင့် ပစ္စည်းများ** | BCPS မှ ဆပ်ပြာ၊ ကျောင်းသားနှင့် ဝန်ထမ်းများဘေးကင်းစွာသုံးရန် အရက်ပြန် ၆၀% ပါဝင်သည့်လက်သန့်ဆေးရည်၊ စက္ကူတဘက်လိပ်၊ တစ်ရှူးနှင့် မှန်ကန်စွာလက်ဆေးခြင်းလုပ်ထုံး/နည်းများ စသည်တို့ကို တစ်ကိုယ်ရည်ကျန်းမာရေးအမူအကျင့်များအတွက် ကျင့်သုံးနိုင်ရန် လုံလောက်စွာထောက်ပံ့ပေးထားပါမည်။<br>အတန်းတိုင်းတွင်လက်သန့်ဆေးရည်နှင့် သန့်ရှင်းရေးပစ္စည်းများစီစဉ်ပေးထားပါမည်။ |
| **ရောဂါလက္ခဏာ စောင့်ကြည့်ခြင်း** | BCPS ကျောင်းများသည် ကျောင်းသားများနှင့် ဝန်ထမ်းများအားစစ်ဆေးမှုနှင့်ဆိုင်သောလုပ်ထုံးများကို နယ်ခံပြည်သူ့ကျန်းမာရေးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။<br>COVID-19 ရောဂါလက္ခဏာဖြင့်ဖျားနာသောကျောင်းသားများကို လာကြိုနိုင်သည့်အချိန်အထိ သတ်မှတ်ထားသောသီးခြားနေရာတွင် ခွဲစိတ်ခန်းသုံးမျက်နှာဖုံးနှင့်အုပ်ထားစေခြင်းဖြင့် နေရာချထားမည်ဖြစ်သည်။ ဤကျောင်းသားများကိုစောင့်ရှောက်ပေးသည့်တာဝန်ကျကျောင်းဝန်ထမ်းသည်လည်း N95 (သို့) တန်းရည်တူမျက်နှာဖုံးလိုအပ်သည့် (aerosolized procedures) လေဖိအားမှုတ်ခြင်းလုပ်ထုံးများလိုအပ်သည့် အထူးအကူညီလိုကျောင်းသားများမှအပ အခြားကျောင်းသားများအားစောင့်ရှောက်ရာတွင် ခွဲစိတ်ခန်းသုံးမျက်နှာဖုံးတပ်ထားမည်။<br>အိမ်ပြန်ပို့လိုက်သောရောဂါလက္ခဏာရှိသူကျောင်းသားများအား ဆေးစစ်မှုအဖြေတွင် "မရှိ" ဟုအဖြေရခြင်း (သို့) CDC လမ်းညွှန်ချက်များအရ လုံးဝပြန်လည်ကျန်းမာလာသည်အထိ အိမ်ထဲတွင်သာလျှင်နေရမည်။ |

**သီးခြားနေခြင်း၊ ဆေးစစ်ခြင်းနှင့် ပြန်လည်ကောင်းမွန်လာခြင်း**

ကျောင်းသား (သို့) ဝန်ထမ်းများတွင် ရောဂါလက္ခဏာရှိလာလျှင် (သို့) ဆေးစစ်မှုအဖြေ "ရှိ" ဟုအဖြေရလျှင် ကျွန်ုပ်တို့သည် **Calhoun County Public Health Department (CCPHD)** (ကောင်တီပြည်သူ့ကျန်းမာရေး ဌာန)၏လမ်းညွှန်ချက်များအတိုင်းလိုက်နာသွားပါမည်။

အကယ်၍ကျောင်းသား (သို့) ဝန်ထမ်းတွင်ရောဂါလက္ခဏာများပြလာလျှင် -

- ရောဂါလက္ခဏာရှိသည့်ပုဂ္ဂိုလ်သည်ချက်ချင်းအိမ်ပြန်ရမည်ဖြစ်ပြီး ဆေးစစ်ချက်အဖြေများစောင့်ရင်းအိမ်တွင်သာနေရမည်။
- ဆေးစစ်ချက်အဖြေတွင် "မရှိ" လျှင်လည်းကျောင်းပြန်မတက်မီ(ဆေးမသောက်ပဲ) (၂၄)နာရီရောဂါလက္ခဏာကင်းသူဖြစ်ရမည်။
- ထိတွေ့မှုရှိသောအတန်းဖော်များ၊ မိသားစုဝင်များနှင့် ဆရာများသည်လည်း ရောဂါလက္ခဏာများရှိ/မရှိ မိမိကိုယ်ကိုစောင့်ကြည့်သင့်ပါသည်။
- အကယ်၍ကျောင်းသား (သို့) ဝန်ထမ်းတွင်ဆေးစစ်မှုအဖြေ"ရှိ"လျှင် -
- ရောဂါကူးစက်ခံသည့်ပုဂ္ဂိုလ် သည်ချက်ချင်းအိမ်သို့ပြန်ရမည်။ (အိမ်တွင်ရှိနေ ပြီးသူမဟုတ်လျှင်)
- ပထမဆုံးရောဂါလက္ခဏာခံစားရခြင်းသည် အနည်းဆုံး(၁၀)ရက်ကျော်၊ ရောဂါလက္ခဏာများသက်သာလာပြီး (၂၄)နာရီကိုယ်ပူအဖျားမရှိတော့သည်အထိ အိမ်ထဲတွင်သာသီးခြားခွဲနေရမည်။
- ရောဂါရှိသည့်ပုဂ္ဂိုလ်နှင့် အနီးကပ်တွေ့ဆုံမှုရှိသည့်သူများသည် နောက်ဆုံးထိတွေ့နေ့မှစ၍ (၁၄)ရက်အထိ ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ရန်ခွဲနေခြင်းပြုရမည်။ **CCPHD** မှအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အနီးကပ်တွေ့ဆုံမှုရှိသည့်သူဆိုသည်မှာ **COVID-19** ရောဂါရှိသူနှင့် မျက်နှာဖုံးတပ်၍ဖြစ်စေ၊ မတပ်ဘဲဖြစ်စေ (၆)ပေအကွာအဝေးအတွင်း (၁၅)မိနစ် ထက်ပိုသောအချိန်ကာလအကြာ အတူရှိသည့်သူတိုင်းဖြစ်ပါသည်။ **BCPS** သည် ရောဂါ"ရှိ"သည့်အခြေအနေတွင် **CCPHD** ၏အကြံပြုတိုက်တွန်းမှုအတိုင်း COVID-19 ရောဂါ "ရှိ" သည့်အမှုများအားလုံးကို ၎င်းတို့မိသားစုဝင်များအားဆက်သွယ်ခြင်းနှင့် ရောဂါကူးစက်ခံရသည့် ကျောင်းသား(သို့)ဝန်ထမ်းနှင့် အနီးကပ်တွေ့ဆုံမှုရှိသည့်သူကိုခွဲခြားဖော်ထုတ်ခြင်းစသည့် ခြေရာခံလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာသွားမည်ဖြစ်သည်။